## (၆) အယ်လ်ဂေးရွက်ပြောက်/ ဒူးရင်းရွက်သံချေးရောဂါ (Durian Leaf Green Alga Rust)

**ရောဂါဖြစ်စေသက်ရှိ -** ***Cephaleuros virescens*** **Künze**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် လိမ္မော်ရောင်၊ သံချေးရောင် မှုံအစုအဝေးများ အား အရွက်၏ အပေါ်မျက်နှာပြင်တွင် အကွက်လိုက်တွေ့ရသည်။ ၎င်းရောဂါရအကွက်များသည် နောက်ပိုင်းတွင် မီးခိုးမွဲရောင် အဖြစ်ပြောင်းလဲသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- စိုက်ခင်းအားလေဝင်လေထွက်ကောင်းစေရန်၊ နေရောင်ခြည်ကောင်းစွာ ရရှိစေရန် ဆောင်ရွက်ပါ။
- အပင်ကို အာဟာရဓါတ်ပြည့်စုံအောင်ကျွေးပါ။
- အပင်ပြုစုထိန်းသိမ်းနည်းများကို ကောင်းစွာဆောင်ရွက်ပါ။
- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးများ ပက်ဖျန်းနှိမ်နင်းနိုင်သည်။
    - Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)
    - Copper Hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)